EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၅

မေ ၂၂ ရက်၊ ၂၀၁၈

## ပဲခူးတိုင်းအတွင်း ဥပဒေသစ်အသုံးမပြုဘဲ ဥပဒေဟောင်းဖြင့် ချထားပေးသည့် လေလံအင်းများ ပြန်လည်စိစစ်သွားမည်ဟုဆို

မေ ၃၊ ၂၀၁၈

ပဲခူးတိုင်းဒေသကြီးအတွင်း လေလံအင်းများချထားပေးရာတွင် တိုင်းလွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေသစ်ကို အသုံးမပြုဘဲ ယခင်ဥပဒေဟောင်းဖြင့် အသုံးပြုချထားပေးခဲ့သည့်အင်းများကို ပြန်လည်စိစစ်မည်ဖြစ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၌ ပြဋ္ဌာန်းခဲ့သော ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေသည် ဒေသခံပြည်သူများ၊ တောင်သူ လယ်သမားများနှင့် တစ်နိုင်တစ်ပိုင် ငါးရှာဖွေစားသောက်သူများအပေါ် အကျိုးသက်ရောက်မှုမရှိဘဲ အင်းလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကိုသာ ဦးတည်ထားသည့်အတွက် ဥပဒေအား အသစ်ပြန်လည်ရေးဆွဲ၍ ယခုအစိုးရလက်ထက် ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး၌အတည်ပြုခဲ့ရာ ယင်းဥပဒေအား အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်ထံပေးပို့ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ဂရန်အင်းများ လေလံခေါ်ယူချပေးထားရာတွင် ဥပဒေဟောင်းကိုသာ အသုံးပြုခေါ်ယူခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အစိုးရအဖွဲ့အပေါ် အကြံပြုချက်များပေးပို့ရာ ပြန်လည်စိစစ်ရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

"ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်ပြီး အသစ်ပြန်လည်ရေးဆွဲကာ လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းခဲ့တာပါ။ ပြန်လည်ရေးဆွဲ



ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဖင်။ (ဓာတ်ပုံ- Bago Region Hluttaw Facebook)

ထားတဲ့ဥပဒေမှာ ဒေသခံငါးရှာဖွေသူတွေအတွက် အစုအဖွဲ့ပိုင်အင်းကိုစွ ထည့်သွင်းထားတယ်။ အခု လေလံခေါ်ယူတဲ့အခါကျတော့ အရင်ဥပဒေအဟောင်းအတိုင်းပဲ မူလလုပ်ငန်းရှင်တွေကိုပဲ လုပ်ငန်းချပေးခဲ့တယ်။ တင်ဒါ စည်းကမ်းအတိုင်းကြည့်ရင် သုံးနှစ်အထိ အကျုံးဝင်တဲ့အခါကျတော့ အခုလွှတ်တော်မှာ အတည်ပြုခဲ့တဲ့ဥပဒေက နောက်သုံးနှစ်ကြာမှ အသက်ဝင်မယ့် ပုံစံမျိုးဖြစ်နေတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ချက်က လွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက်ကို အလေးမထားဘူးဆိုတာ ပေါ်လွင်ခဲ့တယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ် အများစုက ဝေဖန်အကြံပြုတဲ့အခါမှာ ဝန်ကြီးချုပ်က လေလံချပေးပြီးတာတွေကို ပြန်လည်စိစစ်ဖို့နဲ့ ဥပဒေနဲ့အညီဆောင်ရွက်ဖို့ ပြန်ညွှန်ကြားပေးထားတယ်" ဟု ပဲခူးတိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးကြည်ဖင်ကပြောဆိုသည်။

(ကိုးကား- https://myanmar.mmtimes.com)

## သတင်းတို

- ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကို မိမိသဘောဆန္ဒအရ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်ဟု အစိုးရက မေလ ၁၇ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ ဟားခါးမြို့ပြစီမံကိန်း၊ ဟားခါးဈေးတည်ဆောက်ရေးနှင့် ဖလမ်းရေပေးရေး စီမံကိန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ရာထူးမှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခဲ့သည်ဟုဆလိုင်းအိုက်ဇက်ခင်က ဖြေရှင်းထားသည်။

(ကိုးကား- http://www.mizzimaburmese.com)

- အခွန်အခပေး ဆောင်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦး စီးဌာန၊ အသေးစားနှင့် အလတ်စားလုပ် န်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မော်လမြိုင်မြို့အခြေပြု National Enlightenment Institute တို့ မေလ ၁၄ ရက်က ပူးပေါင်းဆောင် ရွက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများက စီးပွားရေးဖွံ့ဖြိုးရန် အခွန်ကောက်ခံမှု၊ အခွန်အခဆိုင်ရာများကို ပြည်သူများပိုမိုကျယ်ပြန့်စွာ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ရန် လာမည့်ငါးနှစ်အတွင်း အခွန်ကောက်စနစ်များ၊ စီးပွားရေးအပေါ် သက်ရောက်နိုင်မှုများကို အကြံပြုဆွေးနွေးခဲ့သည်။

(ကိုးကား- http://www.7daydaily.com)

# ရန်ကုန်မြို့သစ် စီမံကိန်းကို လွှတ်တော်တွင် ကန့်ကွက်


(ဓာတ်ပုံ- Yangon Hluttaw Facebook)

**မေ ၈ ရက်၊ ၂၀၁၈**

ရန်ကုန်တိုင်း တွံတေးမြို့နယ်တွင် ပြုလုပ်မည့် ရန်ကုန်မြို့သစ်စီမံကိန်းအား ကန့်ကွက်ကြောင်း မေလ ၇ ရက်ကပြုလုပ်ခဲ့သည့် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် တာမွေမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်က ဆွေးနွေးသွားသည်။

ဦးသိန်းမြင့်က "ရန်ကုန်မြို့တော်ကြီးမှာ လုံခြုံရေး၊ စည်ပင်သာယာရေးလုပ်ငန်း၊ တရားစီရင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ သွားလာမှု အဆင်ပြေရေးအများကြီး အကောင်အထည်ဖော်ဖို့ လိုနေပါတယ်။ ဒါတွေကို ရန်ကုန်မြို့မှာတောင် မပြေလည်သေးဘဲ တခြားနေရာမှာ သွားလုပ်မယ်ဆိုတော့ ရန်ကုန်မြို့ကြီးကို ဒီတိုင်းပစ်ထားမှာလား"ဟု လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးသွားသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သို့ တိုင်းအစိုးရကတင်သွင်းလာသည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအစီရင်ခံစာတွင် မြို့သစ်ချဲ့ထွင်ရေးအပါအဝင် စီမံကိန်းအများအပြားပါဝင်လာပြီး ယင်းအစီရင်ခံစာပါ စီမံကိန်းများနှင့်ပတ်သက်၍ အသေးစိတ်မသိရှိရခြင်း လူမှုဝန်းကျင်အကျိုးသက်ရောက်မှုများကို ဆန်းစစ်ဝေဖန်ထားမှုမရှိခြင်း၊ ပြည်သူ့သဘောထားမပါရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့်ဟုဆိုကာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမှု၊ ကန့်ကွက်မှု ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုအထဲတွင် ရန်ကုန်မြို့သစ်စီမံကိန်းအား ကန့်ကွက်ကြောင်းအပြင် မင်္ဂလာဒုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုးကလည်း အစီရင်ခံစာပါ စမ်းကြီးဝ ပို့ဆောင်ရေး ဗဟိုစီမံကိန်းကို အချက်အလက်များ လိုအပ်နေသဖြင့် အတည်ပြုမပေးနိုင်ကြောင်း ထောက်ပြ ဆွေးနွေးသွားသည်။

"မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝကွင်းအား စမ်းကြီးဝပို့ဆောင်ရေးဗဟို (Transpotation Hug) စီမံကိန်း အဖြစ်ပါဝင်ပါတယ်။ အဆိုပါကွင်းရှိ လယ်သမားများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးပြီလား ပြေလည်မှုရရှိပြီးပြီလားဟု ကျွန်မအနေနဲ့ သိရှိလိုပါတယ်။ အဆိုပါစမ်းကြီးဝကွင်းအား မြေပြင်ကွင်းဆင်း၍ အများပြည်သူပွင့်လင်းမြင်သာမှု ရှိစေရန် စီမံကိန်းကိုတိုင်းဒေသကြီးအစိုးရအနေဖြင့် လာရောက်ဖြေရှင်းပေးစေလိုပါတယ်"ဟု ၎င်းက ပြောသည်။ ၎င်းက ဆက်လက်၍ "လာရောက်ရှင်းလင်းပေးခြင်း မရှိလျှင် သော်လည်းကောင်း အများပြည်သူတောင်သူလယ်သမားများက သဘောမတူလျှင်သော်လည်းကောင်း အဆိုပါစီမံကိန်းအား အတည်မပြုပေးနိုင်ပါ"ဟု လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးသွားသည်။

လသာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဟန်၊ ဦးဇော်ဝင်းနိုင်နှင့် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းတို့ကလည်း စီမံကိန်းအသီးသီးတွင် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများ အသေးစိတ်မပါဝင်ခြင်းတို့ကြောင့် စီမံကိန်းများကို အသေးစိတ်အချက်အလက်များ ထည့်သွင်းပြီး အဆိုပြုလွှာအဖြစ် ပြန်လည်တင်ပြရန် ပြောကြားခဲ့ကြသည်။

**(ကိုးကား- https://burma.irrawaddy.com)**

## သတင်းတို

- မွန်ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများကို ဟိုတယ်၊ မိုတယ်များတွင်လုပ်မည်ဆိုပါက မြို့နယ်ထွေအုပ်ရုံးတွင် ၁၀ ရက် ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်ဟုဆိုသော ညွှန်ကြားချက်ကို မေလ ၁၈ ရက်တွင် ပြည်နယ်အစိုးရက ပြန်ရုပ်သိမ်းလိုက်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေနှင့် အဖွဲ့အစည်းတစ်ခုတွင် သင်တန်း၊ ဆွေးနွေးပွဲများစွာ ရှိသည့်အတွက် ညွှန်ကြားစာအတိုင်း ပြည်နယ်အစိုးရက ကျင့်သုံးမည်ဆိုပါက အဖွဲ့အစည်းများအနေနှင့် ခွင့်ပြုချက်တောင်းနေသည်နှင့်ပင် အခြားလုပ်ငန်းများကို လုပ်နိုင်မည်မဟုတ်ကြောင်း မွန်လူမှုအခြေပြုအဖွဲ့ဖြစ်သည့် စံပြလူထု အခြေပြုဖွံ့ဖြိုးရေးအဖွဲ့မှ Program Coordinator မိဟံသာထော်က ပြောသည်။ **(ကိုးကား- http://thevoicemyanmar.com)**

- မန္တလေးတိုင်းဒေသကြီး လွှတ်တော်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကော်မတီ နှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) သည် ဒေသတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းအကူအညီပေးနိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်သိုလှောင်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ရန် မေလ ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ကိုးကား- http://www.7daydaily.com)**

# ဘဏ္ဍာငွေ အလွဲသုံးစားလုပ်ဟု စွပ်စွဲခံရသော ရခိုင်ပြည်နယ်စီးပွားရေးဝန်ကြီးကို စစ်ဆေး

**မေ ၁၉၊ ၂၀၁၈**

ဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်သည်ဟု စွပ်စွဲခံထားရသော ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်တွင် မေလ ၁၈ မှစ၍ သက်သေများဖြင့် စစ်ဆေးလျက်ရှိသည်။

ပြည်နယ်၏ ၆ လတာ မီနီဘတ်ဂျက်၌ လွှတ်တော်မှာအတည်ပြုထားသော လုပ်ငန်းများမဟုတ်ဘဲလုပ်ငန်းသစ်များပါရှိခြင်း၊ လုပ်ငန်းများအတွက် အမှန်တကယ် ကုန်ကျမည့် စရိတ်ထက် ပိုတောင်းခြင်း၊ မောင်တောကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း အကောင်အထည်မဖော်ခြင်း၊ ၂၀၁၇-၁၈ ခုနှစ် ပိုလျှံငွေများကို မြို့နယ်အလိုက်ခွဲဝေရာ မညီမျှခြင်း၊ မြောက်ဦးခရိုင်ရှိ မြို့နယ်လေးခု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူမှုတွင် ဥပဒေနှင့်အညီ မလုပ်ဆောင်ခြင်း အပါအဝင် စွပ်စွဲချက် ၆ချက်တို့ကြောင့် စစ်ဆေးနေကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ထံမှ သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မြောက်ဦးခရိုင်ရှိ တင်ဒါလုပ်ငန်းနှင့်ပတ်သက်၍ တင်ဒါလျှောက်ခဲ့သော ကုမ္ပဏီများထဲမှ ၇ ဦးကို သက်သေအဖြစ် စစ်ဆေးခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ သက်သေများကို ဆက်လက်စစ်ဆေးနေပြီး သက်သေ ၃၀ ခန့်ရှိကြောင်း၊ စွပ်စွဲခံရသော ဝန်ကြီးကိုလည်း စစ်ဆေးနေကြောင်း၊ ယခုကဲ့သို့ စစ်ဆေးရခြင်းမှာ ပြည်နယ်၏ စီမံကိန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိဘဲ မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် လွှတ်တော်က ထိန်းကျောင်းခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဦးနိုင်ကြွေအေးက ပြောသည်။

မြောက်ဦးခရိုင်ရှိ လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူရာတွင် ဘဝသစ်အောင်ခိုင်ဦးကုမ္ပဏီမှ လုပ်ငန်းတင်ဒါ ၆ ခုတင်ရာ ၅ ခုအောင်သော်လည်း လုပ်ကိုင်ခွင့်မရကြောင်း၊ ၎င်းနှင့်ပြိုင်၍တင်သောကုမ္ပဏီများမှာ တင်ဒါ ၂ ခုတင်ပါက ၂ ခုအောင်မြင်သဖြင့် စီးပွားရေးဝန်ကြီးက တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်မညီဘဲ ဆုံးဖြတ်ခဲ့သည်ကို သက်သေထွက်ဆိုခဲ့ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးအောင်ခိုင်ဦးကဆိုသည်။

စွပ်စွဲချက်များကြောင့် စစ်ဆေးခံရသော ဝန်ကြီးကို လွှတ်တော်တွင် သတင်းထောက်များက မေးမြန်းရာ မဖြေကြားပေ။

ဝန်ကြီးဦးကျော်အေးသိန်း တာဝန်များကျေပွန်စွာထမ်းဆောင်နိုင်ခြင်း မရှိဟုဆိုကာ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက လက်မှတ်ထိုးပြီး ဧပြီလက လွှတ်တော်သို့တင်ပြခဲ့ကြောင်း၊ ယင်းနောက် သံတွဲမြို့နယ်မှ NLD ကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေးအေး ဦးဆောင်ကာ ကိုယ်စားလှယ် ၅ ဦးဖြင့် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းခဲ့ပြီး စစ်ဆေးချက် အစီရင်ခံစာကို မေလ ၃၀ ရက် နောက်ဆုံးထားကာ လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။

ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ခဲ့သူမဟုတ်ဘဲ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုက ပညာရှင်အဖြစ် အဆိုပြုခန့်အပ်ခံရသူဖြစ်သည်။

**(ကိုးကား- http://thevoicemyanmar.com)**

# ဘဏ္ဍာငွေအရအသုံးစာရင်းနှင့် အကောင်အထည်ဖော်မှုတွင် ငွေကြေးကွာဟချက်နှင့် အလွဲသုံးမှုများတွေ့ရှိ

**ဧပြီ ၁၁၊ ၂၀၁၈**

ဧပြီလ ၅ ရက်က ကျင်းပခဲ့သော ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် '၂၀၁၆-၁၇ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးစာရင်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု စစ်ဆေးတွေ့ရှိချက်များ' အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးကတင်သွင်းခဲ့ရာတွင် ကွဲလွဲချက်များကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

အစီရင်ခံစာအရ ပိုလျှံငွေအပ်နှံမှု၊ အလွဲသုံးစားမှု၊ စံနှုန်းနှင့်ဒေသဈေးနှုန်းကွဲလွဲမှု၊ အစိုးရနှင့်ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်မှုတွင် ဥပဒေစည်းကမ်းနှင့်မညီညွတ်မှု၊ ဌာနဆိုင်ရာတချို့၏ ငွေသုံးစွဲမှုဆိုင်ရာ မှားယွင်းမှုစသည့်အချက်များကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

"မန်းမြန်မာပလာဇာမြေညီထပ်နဲ့ ပထမထပ်တွေအတွက် လွှဲပြောင်းရယူတဲ့အချိန်ကစလို့ အခန်းငှားရမ်းခ ကျပ် ၆၅ သန်းကျော်ပေးသွင်းဖို့ ကျန်တာတွေ့ရတယ်။ ဆောက်လုပ်တဲ့ကာလ ရက်ကျော်သွားမှုအတွက် ကျပ်သန်း ၅၀ ကျော်ပေးဆောင်ဖို့ ကျန်တာတွေ့ရတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်(တံတားဦး-၂)ကပြောသည်။

"ရငွေလျှော့နည်းပေးသွင်းတာတွေ၊ မျက်မြင်တိုင်းထွာမှု လျှော့နည်းတာတွေ၊ အလွဲသုံးစားပြုခဲ့တာတွေ၊ ငွေပေးချေသင့်တာထက်ပိုပေးချေတာတွေကြောင့် နိုင်ငံတော်ကိုပြန်လည်ပေးသွင်းငွေ ကျပ်သန်းပေါင်း ၃၂၅ သန်းကျော်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါတွေကို တိုင်းအစိုးရအဖွဲ့အနေနဲ့ တိတိကျကျကြပ်မတ်ပြီး လုပ်ဆောင်သင့်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်(တောင်သာ-၂)မှဆိုသည်။

ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအနေအထားများကို သုံးသပ်ကြည့်ရာတွင် ပညာရေးဌာန၏ ငွေကြေးအလွဲသုံးမှုသည် ငွေကြေးပမာဏအများဆုံးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်သဲဆုဝေ(ငါန်းဇွန်-၁)က ဆိုသည်။

"တောင်သူတွေရဲ့ အဓိကလိုအပ်ချက်က ချေးငွေရယူလိုတယ်။ အစိုးရကထုတ်ပေးနေပေမယ့် တောင်သူတွေရဲ့လက်ထဲမရောက်ဘဲ ဘဏ္ဍာငွေပိုလျှံလို့ ပြန်အပ်ရတယ်ဆိုတာက တွေးစရာပါ။ ဌာနတွေမှာ တာဝန်ယူတာဝန်ခံလိုစိတ်တွေမရှိတာကြောင့် ပြည်သူတွေနစ်နာနေကြရတယ်"ဟု ၎င်းက ပြောသည်။ **(ကိုးကား- https://myanmar.mmtimes.com)**